# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 29 , 2023 Volume 64, Number 19


၂၉.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၀.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၇၅ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကန်စွန်းဥ စိုက်တောင်သူများ ယခင်နှစ်ကဲ့သို့ ဈေးကောင်းရရှိအဆင်ပြေနေ



Source: မကွေးဂျာနယ်

ကန်စွန်းဥဈေးကွက်မှာ ယခုနှစ်တွင် တစ်ပိဿာကျပ် ၁၀၀၀ ထိ အခင်းဈေးရရှိတာကြောင့် ယခင်နှစ်အတိုင်း ဆက်လက်ဈေးကောင်းနေရာ ရောဝတီမြစ်ကျွန်း စိုက်ခင်းများတွင် စိုက်ပျိုးသော တောင်သူများ အဆင်ပြေကြောင်း ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာ တောင်သူများထံက သိရသည်။

ဧရာဝတီမြစ်ရေစတင်ကျဆင်းသည့် သီတင်းကျွတ်လကတည်းက ကုန်စွန်းဥကို စတင်စိုက်ပျိုးပြီး သုံးလခွဲခန့်ကြာ ဇန်နဝါရီလမှ မတ်၊ ဧပြီထိ ကန်စွန်းဥ လှိုင်လှိုင်ပေါ်လေ့ရှိပြီး ယခင်က တစ်ပိဿာ ကျပ် ၉၀၀ ခန့်သာ ပေါက်ဈေးရှိပြီး ယခုနှစ်တွင် တစ်ပိဿာကျပ် ၁၀၀၀ ထိ အခင်းဈေးရရှိကြောင်း သံဘိုကျွန်းကျေးရွာမှ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်သတင်းစာကို ပြောသည်။

"မနှစ်ကဈေးကောင်းရသလို ဒီနှစ်လည်း ကန်စွန်းဥဈေးက ဆက်ဈေးကောင်းနေတော့ ကန်စွန်းဥစိုက်တောင်သူတွေ ပိုအဆင်ပြေလာပါတယ်။ မနှစ်ကလို ဈေးက တစ်ပိဿာ ၉၀၀-၁၀၀၀ နှစ်ဆဖြစ်လာတော့ တွက်ခြေပိုကိုက်တယ်။ တစ်ဧကကို ကုန်ချိန် ၃၀၀၀ -၄၀၀၀ လောက်ထွက်တယ်။ လက်ရှိပေါက်ဈေးနဲ့ဆို ၃၀-၄၀ သိန်းလောက်ရတယ် "ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ဧရာဝတီမြစ်အတွင်းရှိ ကျေးရွာများတွင် ကန်စွန်းဥအပါအဝင် ၊ မြေပဲ၊ မုံညှင်း၊ နံနံ၊ ချဉ်ပေါင်၊ မုန်လာဥ၊ ဗူးသီး၊ သခွားသီး ကြက်ဟင်းခါးသီး ခရမ်းသီးစသည့် စားဖိုးဆောင်သီးနှံများကို အဓိကထားစိုက်ပျိုးပြီး မန္တလေးကုန်ဈေးတန်းဈေးကွက်သို့ တင်ပို့ရောင်းချကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရ ရာသီကို ဧပြီလမှဇွန်လအထိ သုံးလသတ်မှတ်ထား

၂၀၂၃ ခုနှစ် မြန်မာ့ပင်လယ်ပြင် ငါးမဖမ်းရရာသီကို ဧပြီလမှဇွန်လအထိ သုံးလသတ်မှတ်ထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ၊ ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခုနှစ် ငါးမဖမ်းရ ရာသီကိုသုံးလ သတ်မှတ်ထားသဖြင့် ကမ်းဝေးငါးဖမ်းလှေများ ငါးဖမ်းဆီးမှု ရပ်နားထားမည်ဖြစ်ကြောင်း၊ ယင်းကာလအတွင်း ကမ်းနီးမှရသည့် ငါး၊

ပုစွန်ရေထွက်ကုန်များကို ပြည်တွင်း၌ စားသုံးမည်ဖြစ်ပြီး ယင်းမှ ပိုလျှံသည့် ရေထွက်ကုန်များအား ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကာလအတွင်း ပို့ကုန်တင်ပို့မှုမှာ လျော့ကျသွားနိုင်ပြီး ငါးသယ်လှေ ငါးစင်းသာ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပုံမှန် ငါးဖမ်းရာသီတွင် ငါးသယ်လှေ ၂၆ စင်းတင်ပို့နိုင်ကြောင်း သိရသည်။ ယင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မော်လမြိုင်မြို့ရှိ ငါးဖမ်းသမားများအနေဖြင့် ငါးဖမ်းခြင်းမပြုရန် အသိပေးထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရရာသီကို ၂၀၂၁ ခုနှစ်တွင် မေလမှ ဇူလိုင်လအထိ၊ ၂၀၂၂ ခုနှစ်တွင် ဧပြီလမှ ဇွန်လအထိ၊ ယခု ၂၀၂၃ ခုနှစ်တွင် ဧပြီလမှ ဇွန်လအထိ သတ်မှတ်ထားခြင်းဖြစ်သည်။

**Source: Popular News Journal**

## သင်္ကြန်ကာလနီးကပ်လာမှုနှင့်အတူ သစ်သီးဈေးများမြင့်တက်လာ

သင်္ကြန်ကာလ တဖြည်းဖြည်းနီးကပ်လာမှုနဲ့အတူ ရန်ကုန်၊ သီရိမင်္ဂလာဈေး ဈေးကွက်မှာ သစ်သီးတွေ ဈေးတက်လာပါတယ်။

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၇.၃.၂၃ | ၂၈.၃.၂၃ |
|---|---|---|---|---|
| ၁ | ဖရဲသီး | ၁ လုံး | ၃၅၀၀ - ၇၀၀၀ | ၄၀၀၀ - ၇၀၀၀ |
| ၂ | ကျွဲကောသီး | ၁ လုံး | ၁၅၀၀ - ၂၅၀၀ | ၁၆၀၀ - ၃၀၀၀ |
| ၃ | ထောပတ်သီး | ၁ လုံး | ၅၀၀ - ၇၀၀ | ၅၀၀ - ၁၀၀၀ |
| ၄ | လိမ္မော်သီး | ၁ လုံး | ၂၀၀ - ၃၅၀ | ၂၅၀ - ၄၀၀ |
| ၅ | သရက်သီး | ၁ လုံး | ၃၀၀ - ၁၅၀၀ | ၃၀၀ - ၁၆၀၀ |
| ၆ | သင်္ဘောသီး | ၁ လုံး | ၁၂၀၀ - ၂၅၀၀ | ၁၅၀၀ - ၂၅၀၀ |
| ၇ | နာနတ်သီး | ၁ လုံး | ၃၀၀ - ၇၀၀ | ၄၀၀ - ၇၀၀ |
| ၈ | တောင်ငူငှက်ပျော | ၁ ဖီး | ၂၇၀၀ - ၃၅၀၀ | ၃၀၀၀ - ၃၅၀၀ |
| ၉ | ရွှေငှက်ပျော | ၁ ဖီး | ၃၅၀၀ - ၄၅၀၀ | ၃၅၀၀ - ၄၅၀၀ |
| ၁၀ | ရခိုင်ငှက်ပျော | ၁ ဖီး | ၂၅၀၀ - ၃၅၀၀ | ၂၇၀၀ - ၃၅၀၀ |
| ၁၁ | စတော်ဘယ်ရီ | ၁ ခြင်း | ၁၂၀၀ - ၁၃၀၀ | ၁၀၀၀ - ၁၅၀၀ |
| ၁၂ | ပန်းသီး | ၁ ပုံး | ၃၈၀၀၀ - ၄၃၀၀၀ | ၃၉၀၀၀ - ၄၄၀၀၀ |

Source: greenwaymyanmar.com/

လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့တဲ့ ဈေးနှုန်းဖော်ပြချက်တွေအရ ယခုလတစ်လလုံး မနေ့က မတ် ၂၇ ရက်အထိ ဈေးအပြောင်းအလဲမရှိခဲ့တဲ့ သစ်သီးဈေးနှုန်းတွေဟာ ဒီနေ့ မတ် ၂၈ ရက်မှာတော့ အပြောင်းအလဲ ရှိလာတာဖြစ်ပါတယ်။

ရွှေငှက်ပျောဈေးကလွဲလို့ အခြားအသီးဈေးတွေအားလုံး အပြောင်းအလဲ ရှိသွားတာဖြစ်ပါတယ်။ ဘယ်လောက်အထိ အပြောင်းအလဲတွေရှိသွားလဲဆိုတာ ကိုတော့ အောက်ကဇယားကွက်မှာ ကြည့်ရှုနိုင်ပါတယ်။

ရန်ကုန်၊ သီရိမင်္ဂလာဈေးရဲ့ အခြားကုန်စိမ်းသီးနှံဈေးတွေကတော့ အပြောင်းအလဲမရှိသေးဘဲ အရင်ဈေးတွေအတိုင်းပဲ ဆက်ရှိနေတယ်လို့ သိရပါတယ်။

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source: https://greenwaymyanmar.com/**

## အိန္ဒိယနိုင်ငံတွင် အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် ကုန်စည်များဈေးကွက်ဝင်ရောက်မှု လျော့နည်းပြီး ကုန်ဈေးနှုန်းမြင့်တက်လာနိုင်ဟု ခန့်မှန်း

အိန္ဒိယနိုင်ငံတွင် အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဂျုံ၊ ဇီရာစေ့၊ ကုလားပဲ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စသည့် အခြေခံလိုအပ်သည့် နေ့စဉ်သုံးကုန်စည်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း၊ တောင်သူများအနေဖြင့်လည်း ပုတ်သိုးလွယ်သည့် ၎င်းတို့၏ ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် အမြတ်အစွန်းရရှိမှု လျော့နည်းလာနိုင်ကြောင်း Economic Times သတင်းဌာနက ဖော်ပြထားပါသည်။

ပြီးခဲ့သည့်တစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂျုံ၊ မုံညင်း၊ ကုလားပဲကဲ့သို့သော ရိတ်သိမ်းရန်အသင့် ဖြစ်နေသည့် ကောက်ပဲသီးနှံများ၊ သရက်၊ ဖရဲ၊ သခွား၊ ငှက်ပျောစသည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ ပျက်စီးဆုံးရှုံးခဲ့ ရကြောင်း၊ ရာဂျစ်စတန်ပြည်နယ်တွင် ရိတ်သိမ်းရန်အသင့်ဖြစ်နေသော ဇီယာများ ပျက်ဆီးဆုံးရှုံးခဲ့သဖြင့် ပြီးခဲ့သည့် ၃ ရက်၊ ၄ ရက် တာကာလအတွင်း ဇီယာဈေးနှုန်းများ ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့ ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုသတင်းကြောင့် ဂျုံဈေးနှုန်းမှာ တနင်္လာနေ့က ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုကို ဂျုံစိုက်ပျိုးထုတ်လုပ်သူများက အဓိကခံစားခဲ့ရပြီး၊ ၎င်းတို့၏ ၂ ပတ်နှင့် ၁ လ အတွင်း ရိတ်သိမ်းရန် အသင့်ဖြစ်မည့် ဂျုံများအားလုံးနီးပါး ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း၊ ထို့အပြင် မိုးရွာသွန်းမှုကြောင့် ဂျုံအစေ့အဆန်များ၏ အရောင်၊ တောက်ပမှု၊ အရွယ်အစားနှင့် ကစီဓါတ်တို့ကိုလည်း ထိခိုက်ပျက်စီးနိုင်သဖြင့် တောင်သူများအနေဖြင့် ဈေးကွက်ပေါက်ဈေးရရှိရန် ခက်ခဲနိုင်မည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးထွက်ရှိသည့် ပြည်နယ်အများစုတွင် မိုးရွာသွန်းမှုကြောင့် ဂျုံထွက်ရှိမှုမှာလည်း ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း Economic Times သတင်းဌာနက ခန့်မှန်းထားပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံမှ ဂျုံတင်သွင်းနေသူ မြန်မာကုန်သည်များအနေဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်ပြီး အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာမည့် အခြားနိုင်ငံဈေးကွက်များကိုလည်း ကြိုတင်လေ့လာချိတ်ဆက် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါ သည်။

**Source:** Unseasonal Rain Expected to Increase Price of Commodities in Short Supply, 22-3-2023, Economic Times

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## ခရီးသွားကဏ္ဍ ပြန်ကောင်းလာ၍ ထိုင်းစက်မှုအညွှန်းကိန်းများ လေးနှစ်နီးပါးကာလ၌ ဖေဖော်ဝါရီလတွင် မြင့်တက်

ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမှုကြောင့် ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍဆိုင်ရာ အညွှန်းကိန်းသည် ၄၇ လတာကာလအတွင်း၌ အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ သို့သော် ပို့ကုန်တင်ပို့နိုင်မှု အားနည်းနေခြင်းမှာ စိုးရိမ်ဖွယ်တစ်ခုဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်များအဖွဲ့က ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြောကြားခဲ့သည်။ စက်မှုကဏ္ဍဆိုင်ရာ အညွှန်းကိန်းမှာ ဇန်နဝါရီလတွင် ၉၃.၉ ရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ၉၆.၂ သို့ တိုးမြင့်ရောက်ရှိခဲ့ပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါမဖြစ်ပွားမီ ညွှန်းကိန်းအဆင့်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍအနေဖြင့်လည်း ယခင် ၂၀၂၂ ခုနှစ်၊ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုဦးရေ ၁၁.၅ သန်း အထက်ကိုကျော်လွန်၍ ယခုနှစ်တွင် ၂၅ သန်းမှ ၃၀ သန်းအကြားရောက်ရှိရန် မျှော်လင့်ထားကြောင်း ထိုင်းအစိုးရပြောကြားခဲ့သည်။ တရုတ်နိုင်ငံ နယ်စပ်ဝင်/ထွက်ပေါက်များ ပြန်လည်ဖွင့်လှစ်နေမှုများအပါအဝင် စက်မှုကုန်ကြမ်း ကုန်ကျစရိတ် သက်သာစေမှုများကလည်း ကောင်းမွန်သည့်ရလဒ်များ ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ စက်မှုကဏ္ဍညွှန်းကိန်းများအရ စက်မှုလုပ်ငန်းစီမံကိန်းများသည် ယခုနှစ် ဖေဖော်ဝါရီလတွင်လည်း တိုးတက်နေခဲ့ပြီး နောင်(၃)လအထိ တိုးတက်ဖွယ်ရှိကြောင်းဆိုသည်။

ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul က ထိုင်းအစိုးရသစ် မဖွဲ့စည်းမီအချိန်ထိ စီးပွားရေးအထောက်အပံ့ အစီအစဉ်ကဲ့သို့ ဘတ်ဂျတ်ငွေထုတ်ချေးပေးမှုများကို အစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် အစိုးရသစ်ကို ဩဂုတ်လတွင် ဖွဲ့စည်းသင့်ကြောင်း ပြောကြားထားသည်။ မေလတွင်ကျင်းပမည့် ထိုင်းအစိုးရ၏ အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်၌လည်း လူထုအတွက် အသုံးစရိတ်များကြောင့် ၎င်းတို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ် အဟန့်အတားဖြစ်စေနိုင်မှုကို ရှောင်ရှားပေးရန် ထိုင်းစက်မှုလုပ်ငန်းရှင်များက အစိုးရသို့ တိုက်တွန်းထားရှိသည်။

ငွေကြေးဖောင်းပွမှုများနှင့် ငွေကြေးမတည်ငြိမ်မှုများ ဖြစ်ပေါ်နေခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အတိုးနှုန်းများမြင့်မားနေချိန် ကမ္ဘာ့ဝယ်လိုအားများလည်း ကျဆင်းနေသကဲ့သို့ ထိုင်းပို့ကုန် လျော့ကျနေမှုများကို စိုးရိမ်နေဆဲဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များက ပြောကြားခဲ့သည်။ ကမ္ဘာ့ဝယ်လိုအားများ ကျဆင်းနေချိန် ထိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ပို့ကုန်တင်ပို့နိုင်မှုသည် ဇန်နဝါရီလတွင် လေးလဆက်တိုက် ကျဆင်းနေခြင်းဖြစ်ပါသည်။ ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုသည် ယမန်နှစ်နှင့်တန်းတူ (သို့မဟုတ်) ၁ % လျော့ကျနိုင်သည်ဟု ထိုင်းနိုင်ငံ၊ စက်မှုလုပ်ငန်းအဖွဲ့ချုပ်က မျှော်မှန်းထားခြင်းဖြစ်ပါသည်။

**Source:** https://commerce.gov.mm

# STOCK EXCHANGE (29.3.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 29th Mar. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 200 | 1,600,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 313 | 956,250 | 38,929,150 | 120,680 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 1,131 | 1,646,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 5,000 | 4,800 | 23 | 112,700 | 10,497,598 | 50,389 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 29th Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.98 | +0.51 | +0.14% | 362.63 | 365.17 | 362.63 | 1,667 | 4,315,450 | 7 | 641,369 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 29th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

## Main Board

As of 1:00 pm, 29th Mar. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

| MYANPIX | 363.98 ▲ 0.51 |
|---|---|
| Total Volume (shares) | 1,667 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 641,369 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |